**ကရင်ပြည်နယ်ခာတ်သတ္တုအသေးစားလုပ်ငန်းနှင့် လက်လုပ်လက်စားလုပ်ငန်းဥပဒေ**

( ၂၀၂၀ခုနှစ်၊ ကရင်ပြည်နယ်လွှတ်တော်ဥပဒေအမှတ်  ၁ ။ )

( ၁၃၈၁ ခုနှစ်၊ တပို့တွဲလဆန်း  ၁၂  ရက်

(  ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်)

ကရင်ပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

## အမည်နှင့် အဓိပ္ပါယ်ဖော်ပြချက်များ

၁။ ဤဥပဒေကို ကရင်ပြည်နယ်ခာတ်သတ္တုအသေးစားလုပ်ငန်းနှင့် လက်လုပ်လက်စားလုပ်ငန်းဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်းအဓိပ္ပါယ်သက်ရောက်စေရမည်-

(က) **ပြည်နယ်** ဆိုသည်မှာ ကရင်ပြည်နယ်ကို ဆိုသည်။

( ခ ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်။

( ဂ ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်နယ်သတ္တုရေးရာလုပ်ငန်းများနှင့်စပ်လျဉ်း၍ တာဝန်ယူဆောင်ရွက်ရသော ဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ဝန်ကြီး** ဆိုသည်မှာ ပြည်နယ်သတ္တုရေးရာလုပ်ငန်းများနှင့်စပ်လျဉ်း၍ တာဝန်ယူဆောင်ရွက်ရသောဝန်ကြီးကို ဆိုသည်။

( င ) **ဦးစီးဌာန** ဆိုသည်မှာ ပြည်နယ်သတ္တုတွင်းဦးစီးဌာနကို ဆိုသည်။

( စ ) **စစ်ဆေးရေးအရာရှိချုပ်** ဆိုသည်မှာ သတ္တုတွင်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(ဆ) **စစ်ဆေးရေးအရာရှိ** ဆိုသည်မှာ စစ်ဆေးရေးအရာရှိချုပ်က စာဖြင့်သီးခြားတာဝန်ပေးအပ်ထားသော အရာရှိတစ်ဦးဦး သို့မဟုတ် တာဝန်ပေးအပ်သည့် စစ်ဆေးရေးအရာရှိကို ဆိုသည်။

( ဇ ) **ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့** ဆိုသည်မှာ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ထားသောအဖွဲ့ကို ဆိုသည်။

( ဈ ) **သတ္တုတွင်း** ဆိုသည်မှာ ခာတ်သတ္တုတူးဖော်သည့်နေရာ၊ ကလိုင် သို့မဟုတ် လုပ်ကွက်ကိုလည်းကောင်း၊ ခာတ်သတ္တုတူးဖော်ရာတွင်ဖြစ်စေ၊ ခာတ်သတ္တုတူးဖော်ရာနေရာ၊

ကလိုင် သို့မဟုတ် လုပ်ကွက်နှင့် တစ်ဆက်တစ်စပ်တည်းရှိသော နေရာတစ်ခုခု၌ ဓာတ်သတ္တု ဆင့်တက်ပြုပြင်ရာတွင်ဖြစ်စေ လုပ်ကိုင်သည့်လုပ်ငန်းအရပ်ရပ်၊ အဆောက်အဦ၊ မြေနေရာနှင့် စက်ပစ္စည်းကိရိယာများကိုလည်းကောင်း ဆိုသည်။ ယင်းစကားရပ်တွင် စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်းနှင့် ကျောက်များတူးဖော်သည့် ကျောက်ထုတ်စခန်းများလည်း ပါဝင်သည်။

(ည) **ဓာတ်သတ္တု** ဆိုသည်မှာ မြေမှတူးဖော်၍သော်လည်းကောင်း၊ အခြားနည်းဖြင့်သော်လည်းကောင်း ရရှိသည့်သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်းနှင့် ကျောက်များကို ဆိုသည်။ ယင်းစကားရပ်တွင် ပင်လယ်၊ မြစ်၊ ချောင်း၊ အင်းအိုင်ရှိ ရေအောက်ကြမ်းပြင်နှင့် ရေအောက်မြေမှ တူးဖော်ရရှိသည့် ဓာတ်သတ္တုများလည်းပါဝင်သည်။

( ဋ ) **ပြည်နယ်အစိုးရအဖွဲ့မှ ဆောင်ရွက်ခွင့်ရှိသည့်သတ္တု** ဆိုသည်မှာ ရွှေ၊ ငွေ၊ ခဲ၊ ခဲမဖြူ၊ အဖြိုက်နက်၊ ခနောက်စိမ်း၊ ခရိုမီယမ်ကိုဆိုသည်။ ယင်းစကားရပ်တွင် ပြည်ထောင်စုဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး ဆောင်ရွက်ခွင့်ပြုသည့် သတ္တုများလည်းပါဝင်သည်။

( ဌ ) **ပြည်နယ်အစိုးရအဖွဲ့မှ ဆောင်ရွက်ခွင့်ရှိသည့် စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း** ဆိုသည်မှာ ထုံးကျောက်၊ ဂေါ်ဒန်ကျောက်၊ ဘရိုက်တီးကျောက်၊ မင်းဂနီးစ်ဒိုင်အောက်ဆိုဒ်၊ ဒိုလိုမိုက်၊ မီးခံရွှံ့စေး၊ မီးခံမြေစေး၊ ရွှံ့စေးဖြူ၊ မြေဖြူ၊ မြေနီ၊ မြေဝါ၊ ကန့်ကူဆံ၊ မြေဖယောင်း၊ ကျောက်ဂွမ်း၊ လချေးဖြူ သို့မဟုတ် လချေးညို၊ ကျောက်မီးသွေး၊ ဂဝံကျောက်၊ သဲကျောက်၊ ကျောက်ချဉ်၊ ဘောက်ဆိုက်၊ ဖလိုရိုက်၊ ကြွေကျောက်၊ ကန့်၊ ဆိုဒါပြာ၊ ဖော့စဖိတ်၊ ဖန်ချက်သဲ၊ ကွာဇိုက်၊ ပိုဇိုလန်၊ ဆေးဒန်း၊ မာဘယ်ကို ဆိုသည်။ ယင်းစကားရပ်တွင် ပြည်ထောင်စုဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး ဆောင်ရွက်ခွင့်ပြုသည့် စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်းများလည်း ပါဝင်သည်။

( ဍ ) **ပြည်နယ်အစိုးရအဖွဲ့မှ ဆောင်ရွက်ခွင့်ရှိသည့်ကျောက်** ဆိုသည်မှာ ထုံးကျောက် (အလှဆင်)၊ သလင်းကျောက်၊ ဂရက်နိုက်ကျောက်၊ မာဘယ်ကျောက်၊ လိပ်သဲကျောက်၊ ဂဝံကျောက်၊ သင်ပုန်းကျောက်၊ ပိုင်ရော့ဆီနိုက်၊ ဆာပင်တီနိုက်၊ ဟွန်းဖလင်းဒိုက်၊ ပယ်ရီဒိုတိုက်၊ အင်ဒီဆိုက်၊ ဗဆော့၊ ဒိုင်ယာဘေ့စ်/ ဒိုလာရိုက်၊ ဒိုင်အိုရိုက်၊ မွန်ဇိုနိုက်၊ ကာ့ဆီလီကိတ်၊ သဲကျောက်၊ သျှစ်ကျောက်၊ စရစ်လုံးကျောက်၊ ဂေါ်ဒန်ကျောက်၊ အင်ကြင်းကျောက်၊ ရတနာတန်းမဝင်သောသလင်းအုပ်စုဝင် တွင်းထွက်များကို ဆိုသည်။ ယင်းစကားရပ်တွင် ပြည်ထောင်စုဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး ဆောင်ရွက်

ခွင့်ပြုသည့် အလုဆင်ကျောက်များလည်း ပါဝင်သည်။ သို့ရာတွင် အလှဆင်ကျောက် ထုတ်လုပ်ရန် အဆင့်မမီသော လမ်းခင်းရာတွင်သာ အသုံးပြုလေ့ရှိသည့် ကျောက်များ မပါဝင်။

( ဃ ) **ခွင့်ပြုမိန့်** ဆိုသည်မှာ ဓာတ်သတ္တုရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့် ဝယ်ယူခြင်းလုပ်ငန်းတစ်ရပ်ရပ်ကို ဖြစ်စေ၊ တစ်ရပ်ထက်ပိုသောလုပ်ငန်းများကို တစ်ပေါင်းတည်းဖြစ်စေ လုပ်ကိုင်ရန် ဤဥပဒေအရ ထုတ်ပေးသည့် ခွင့်ပြုမိန့်ကို ဆိုသည်။

(ဏ) **ဓာတ်သတ္တုရှာဖွေခြင်း** ဆိုသည်မှာ ဓာတ်သတ္တုများနှင့် ဓာတ်သတ္တုသိုက်များအား လိုက်လံရှာဖွေခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် မြေသား၌ ဓာတ်သတ္တုတည်စွဲသည့် အရည်အသွေးကိုစစ်ဆေးသော လုပ်ငန်းစဉ်များလည်း ပါဝင်သည်။

(တ) **ဓာတ်သတ္တုစမ်းသပ်တိုင်းတာခြင်း** ဆိုသည်မှာ ဓာတ်သတ္တုသိုက်တစ်ခု၏ အမျိုးအစား၊ တည်နေရာ၊ အရွယ်အစား၊ ပုံသဏ္ဌာန်၊ အရည်အသွေးနှင့် ပမာဏတို့ကို သိရှိနိုင်ရန် စမ်းသပ်ခြင်း၊ တိုင်းတာခြင်းတို့ကို ဆိုသည်။

(ထ) **ဓာတ်သတ္တုထုတ်လုပ်ခြင်း** ဆိုသည်မှာ ဓာတ်သတ္တုရရှိရန် ဆောင်ရွက်သည့်လုပ်ငန်းစဉ် အဆင့်ဆင့်ကို ဆိုသည်။ ယင်းစကားရပ်တွင် ဓာတ်သတ္တုတူးဖော်ခြင်း၊ ဆင့်တက်ပြုပြင် ခြင်း၊ လုပ်ငန်းအဆင့်တစ်ခုခု သို့မဟုတ် လုပ်ငန်းစဉ်အားလုံးဆောင်ရွက်ခြင်းလည်း ပါဝင်သည်။

( ဒ ) **အသေးစားထုတ်လုပ်ခြင်း** ဆိုသည်မှာ ဓာတ်သတ္တုဖြစ်ထွန်းမှု ပမာဏနည်းပါး၍ ရင်းနှီး မြှုပ်နှံမှုနှင့်ကုန်ကျစရိတ်မများသည့် စီးပွားရေးလုပ်ငန်းအဖြစ် သက်တမ်း ၁၀နှစ်အထိ ခွင့်ပြုချက်ဖြင့် ဓာတ်သတ္တုထုတ်လုပ်ခြင်းကို ဆိုသည်။

( ဓ ) **လက်လုပ်လက်စားထုတ်လုပ်ခြင်း** ဆိုသည်မှာ သာမန်လက်သုံးကိရိယာများကိုဖြစ်စေ၊ ဤဥပဒေ၊ မြန်မာ့သတ္တုတွင်းဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေများ၊ အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ သတ်မှတ်သော မြင်းကောင်ရေ အားထက်မပိုသည့် စက်ကိရိယာကိုဖြစ်စေ အသုံးပြု၍ ဓာတ်သတ္တုထုတ်လုပ်ခြင်းကို ဆိုသည်။

( န ) **ဆင့်တက်ပြုပြင်ခြင်း** ဆိုသည်မှာ ဓာတ်သတ္တုကို အရည်အသွေးအရဖြစ်စေ၊ တန်ဖိုး အရဖြစ်စေ တိုးတက်ကောင်းမွန်လာစေရန်ဆောင်ရွက်ခြင်းကို ဆိုသည်။ ယင်းစကား ရပ်တွင် သတ္တုရိုင်းများကို သတ္တုသန့်စင် သို့မဟုတ် သတ္တုစင်များဖြစ်လာစေရန် ဆေးကြောခြင်း၊ သန့်စင်ခြင်း၊ ကျိုချက်ခြင်း၊ ချွတ်ခြင်း၊ လျှပ်ကူးခြင်းနှင့် ပုံသွင်းခြင်း လုပ်ငန်း.0စဉ်များလည်း ပါဝင်သည်။

(ပ) **ဓာတ်သတ္တုရောင်းချခြင်းနှင့်ဝယ်ယူခြင်း** ဆိုသည်မှာ ခွင့်ပြုမိန့်ပါ ပြည်နယ်အတွင်းမှ ထုတ်လုပ်သည့် ဓာတ်သတ္တုများကို ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ သယ်ယူခြင်းနှင့် သိုလှောင်ခြင်းများကို ဆိုသည်။

## အခန်း(၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပြည်ထောင်စုအစိုးရအဖွဲ့၏ ဓာတ်သတ္တုသယံဇာတရေးရာမူဝါဒကို အကောင်အထည်ဖော်ရန်၊

(ခ) ဓာတ်သတ္တုထုတ်ကုန်များ ပိုမိုထုတ်လုပ်စေခြင်းဖြင့် ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းရန်နှင့် ပြည်ပပို့ကုန်တိုးမြှင့်ရန်၊

(ဂ) ဓာတ်သတ္တုသယံဇာတပစ္စည်းများနှင့် စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံမှုများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ဃ) ဓာတ်သတ္တုရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့်ဝယ်ယူခြင်းလုပ်ငန်းကို လုပ်ကိုင်လိုသည့် နိုင်ငံသား သို့မဟုတ် နိုင်ငံသားအဖွဲ့အစည်း၏ လျှောက်ထားချက်များအား စိစစ်ခွင့်ပြုနိုင်ရန်နှင့် ကြီးကြပ်ကွပ်ကဲရန်၊

(င) ဓာတ်သတ္တုသယံဇာတပစ္စည်းများ ထိန်းသိမ်းရေး၊ ထုတ်လုပ်ရေး၊ အသုံးချရေးနှင့် သုတေသနပြုရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရန်၊

(စ) ဓာတ်သတ္တုလုပ်ငန်းကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ထိခိုက်ပျက်စီးမှု မရှိစေရန်။

## အခန်း(၃)
## ခွင့်ပြုမိန့်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၄။ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ကန့်သတ်ထားသောဓာတ်သတ္တုများမှအပ ပြည်နယ်ကဆောင်ရွက်ခွင့်ရှိသည့် သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်များနှင့်စပ်လျဉ်း၍ ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ အသေးစားထုတ်လုပ်ခြင်း၊ လက်လုပ်လက်စားထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း၊ ရောင်းချခြင်းနှင့်ဝယ်ယူခြင်းလုပ်ငန်းတို့ကို လုပ်ကိုင်လိုသည့် နိုင်ငံသား သို့မဟုတ် နိုင်ငံသားအဖွဲ့အစည်းသည် ခွင့်ပြုမိန့်ရရှိရန် ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၅။ ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် ပုဒ်မ ၄ နှင့် ၇ တို့အရ လျှောက်ထားချက်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည် –

(က) ဓာတ်သတ္တုခွင့်ပြုမိန့် လျှောက်ထားလာမှုကို ဤဥပဒေ၊ မြန်မာ့သတ္တုတွင်းဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အခါအားလျော်စွာထုတ်ပြန်သည့် အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ စိစစ်တင်ပြစေခြင်း၊

(ခ) စိစစ်တင်ပြလာသော လျှောက်ထားလာမှုများကို ခွင့်ပြုမိန့်ထုတ်ပေးနိုင်ရန်အတွက် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနနှင့် ညှိနှိုင်းသဘောထားရယူခြင်း၊

(ဂ) သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန၏ သဘောထားရရှိပါက သက်ဆိုင်ရာမြို့နယ်အာဏာပိုင်အဖွဲ့အစည်းများသို့ သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်ဆောင်ရွက်စေခြင်း၊

(ဃ) သတ်မှတ်ချက် အထောက်အထားများ ပြည့်စုံမှန်ကန်ပါက ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုမိန့်ထုတ်ပေးခြင်း၊

(င) ဤဥပဒေ၊ မြန်မာ့သတ္တုတွင်းဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေများ၊ အခါအားလျော်စွာထုတ်ပြန်သည့် အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ဓာတ်သတ္တုဆိုင်ရာအခွန်အခများ စည်းကြပ်ကောက်ခံခြင်း၊

(စ) လုပ်ငန်းကြီးကြပ်ရေးအဖွဲ့များကို ဖွဲ့စည်း၍ ခွင့်ပြုထားသော ဓာတ်သတ္တုလုပ်ငန်းများ၏ ရှာဖွေ၊ စမ်းသပ်၊ တူးဖော်ထုတ်လုပ်မှု၊ ဆင့်တက်ပြုပြင်မှုလုပ်ငန်းများဆိုင်ရာ ပတ်ဝန်းကျင်စီမံခန့်ခွဲရေးနှင့် ထိန်းသိမ်းရေးကိစ္စများ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စ၊ အလုပ်သမားရေးရာကိစ္စများကို ပုံမှန်စစ်ဆေးခြင်းနှင့် အခါအားလျော်စွာ စစ်ဆေးကြပ်မတ်ဆောင်ရွက်စေခြင်း၊

(ဆ) ဤဥပဒေ၊ မြန်မာ့သတ္တုတွင်းဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေများ၊ အခါအားလျော်စွာထုတ်ပြန်သည့် အမိန့်၊ ညွှန်ကြားချက်များ၊ ခွင့်ပြုမိန့်နှင့် စာချုပ်ပါစည်းကမ်းချက်များအား ဓာတ်သတ္တုခွင့်ပြုမိန့်ရရှိသူမှ လိုက်နာရန်ပျက်ကွက်ပါက လုပ်ငန်းကိုဆိုင်းငံ့စေခြင်း၊ ဒဏ်ကြေးငွေပေးဆောင်စေပြီး လုပ်ငန်းဆက်လက်ဆောင်ရွက်ခွင့်ပြုခြင်း သို့မဟုတ် ခွင့်ပြုမိန့်ကို ပယ်ဖျက်ခြင်း၊

(ဇ) ဓာတ်သတ္တုခွင့်ပြုမိန့်ရရှိသူမှ သက်တမ်းမကုန်ဆုံးမီ လုပ်ငန်းရပ်နားခွင့်ပြုရန် သို့မဟုတ် သက်တမ်းတိုးမြှင့်ပေးရန် တင်ပြလာလျှင် စိစစ်၍ ခွင့်ပြုဆောင်ရွက်ပေးခြင်း။

၆။ ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် အသေးစားထုတ်လုပ်ခြင်းနှင့် လက်လုပ်လက်စားထုတ်လုပ်ခြင်းတို့ကို ဤဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ(ဒ)၊ (ဓ)တို့နှင့်အညီ ခွဲခြားသတ်မှတ်ရမည်။

လုပ်ငန်းသက်တမ်း၊ လုပ်ငန်းလုပ်ကိုင်သည့် ဧရိယာအကျယ်အဝန်း၊ ရင်းနှီးမြှုပ်နှံမှုပမာဏ၊ စက်ယန္တရား၊ စက်ကိရိယာအသုံးပြုမှုများကို မြန်မာ့သတ္တုတွင်းဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေများ၊ အခါအားလျော်စွာထုတ်ပြန်သည့် အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ထည့်သွင်းသတ်မှတ်ရမည်။

၇။ ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် ခဲတတ်သတ္တုရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်းတို့ကို ခွင့်ပြုမိန့်အရ အဆင့်ဆင့်အောင်မြင်စွာဆောင်ရွက်ခဲ့သောလုပ်ငန်းရှင်က ယင်းလုပ်ကိုင်ခဲ့သောနေရာတွင် ခဲတတ်သတ္တုတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း ခွင့်ပြုမိန့်လျှောက်ထားလာလျှင် သတ်မှတ်ချက်များနှင့် ညီညွတ်မှုရှိပါက လုပ်ကိုင်ခွင့်ပြုရမည်။

၈။ ခဲတတ်သတ္တုကိုကိုယ်တိုင်မထုတ်လုပ်ဘဲ ခွင့်ပြုမိန့်ဖြင့် ခဲတတ်သတ္တုထုတ်လုပ်သူထံမှတစ်ဆင့် ဝယ်ယူပြီး ဆင့်တက်ပြုပြင်ခြင်းလုပ်ငန်းလုပ်ကိုင်သူသည် ရောင်းချခြင်းနှင့် ဝယ်ယူခြင်းလုပ်ငန်းအတွက် ခွင့်ပြုမိန့်ကို သီးခြားလျှောက်ထားရမည်။

## အခန်း(၄)
## ခွင့်ပြုမိန့်ရရှိသူ၏ တာဝန်များ

၉။ ခွင့်ပြုမိန့်ရရှိသူသည် –

(က) ဤဥပဒေ၊ မြန်မာ့သတ္တုတွင်းဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေများ၊ အခါအားလျော်စွာထုတ်ပြန်သည့် အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရမည်။

(ခ) ခွင့်ပြုမိန့်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

(ဂ) ခွင့်ပြုမိန့်နှင့် သက်ဆိုင်သောမြေအတွက် ဤဥပဒေ၊ မြန်မာ့သတ္တုတွင်းဥပဒေအရထုတ်ပြန်သည့်နည်းဥပဒေများ၊ အခါအားလျော်စွာထုတ်ပြန်သည့် အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ သတ်မှတ်ထားသော နှုန်းထားများအပေါ်တွင် အခြေခံတွက်ချက်ထားသည့် မြေငှားရမ်းခကို ပေးဆောင်ရမည်။

(ဃ) မြေငှားရမ်းခကို ခွင့်ပြုမိန့်တစ်ခုစီအတွက် သီးခြားပေးဆောင်ရမည်။

(င) အာမခံငွေကိုဖြစ်စေ၊ ကြိုတင်ငွေကိုဖြစ်စေ၊ အာမခံငွေနှင့် ကြိုတင်ငွေနှစ်မျိုးလုံးကိုဖြစ်စေ ပေးဆောင်ရမည်။

(စ) ပေးဆောင်ရမည့် ခဲတတ်သတ္တုခွန်နှင့် အခြားအခကြေးငွေများကို သတ်မှတ်ချက်များနှင့်အညီ ခဲတတ်သတ္တုပစ္စည်း သို့မဟုတ် ငွေသားဖြင့် ပေးဆောင်ရမည်။

၁၀။ ခွင့်ပြုမိန့်ရရှိသူသည် အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဤဥပဒေ၊ မြန်မာ့သတ္တုတွင်းဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေများ၊ အခါအားလျော်စွာထုတ်ပြန်သည့် အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည် –

(က) သတ္တုတွင်းဝန်ထမ်းများ၊ အလုပ်သမားများခန့်ထားခြင်း၊ အလုပ်ခိုင်းစေခြင်း၊ လုပ်ခ၊ လစာနှင့် အခြားအခကြေးငွေများသတ်မှတ်ခြင်း၊

(ခ) သတ္တုတွင်း၏ မြေပေါ်မြေအောက်၌ အလုပ်လုပ်ရက်နှင့် အလုပ်ချိန်နာရီများ သတ်မှတ်ခြင်း၊

(ဂ) သတ္တုတွင်း၌ ဘေးအန္တရာယ်ကင်းရှင်းရန်နှင့် မတော်တဆဖြစ်ပွားမှုမှ ကာကွယ်ရန် စီမံဆောင်ရွက်ခြင်း၊

(ဃ) သတ္တုတွင်းဝန်ထမ်းများ၊ အလုပ်သမားများ၏သက်သာချောင်ချိရေး၊ ကျန်းမာရေး၊ သန့်ရှင်းရေးနှင့် စည်းကမ်းထိန်းသိမ်းရေးတို့အတွက် စီမံချက်များရေးဆွဲ အကောင်အထည်ဖော်ခြင်း၊

(င) ဓာတ်သတ္တုလုပ်ငန်းကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ထိခိုက်ပျက်စီးမှု မရှိစေရန် စီမံဆောင်ရွက်ခြင်း၊

(စ) ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေရန်နှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားထိခိုက်မှုမရှိစေရန် အလေးထားဆောင်ရွက်ခြင်း၊ နှစ်စဉ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအတွက် ရန်ပုံငွေထားရှိခြင်း၊

(ဆ) ဓာတ်သတ္တုထုတ်လုပ်မှုလုပ်ငန်းပြီးဆုံးခြင်း သို့မဟုတ် ပိတ်သိမ်းသည့်အခါ လုပ်ငန်းမြေနေရာအား သတ္တုတွင်းပိတ်သိမ်းမှု အစီအစဉ်ပါအတိုင်း မြေယာပြုပြင်ခြင်း၊ ထိန်းသိမ်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း၊ စိမ်းလန်းစိုပြေရေးလုပ်ငန်းများအတွက် ရန်ပုံငွေထူထောင်၍ သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ပေးခြင်း၊

(ဇ) သတ္တုတွင်း၌ဖြစ်ပွားသည့် မတော်တဆဖြစ်ပွားမှုများနှင့် ယင်းမတော်တဆဖြစ်ပွားမှုကြောင့် လူ့အသက်ဆုံးရှုံးခြင်းနှင့် ကိုယ်ခန္ဓာထိခိုက်ဒဏ်ရာရမှုများကို သတင်းပို့ အစီရင်ခံခြင်း၊

(ဈ) စစ်ဆေးရေးအရာရှိချုပ်နှင့် စစ်ဆေးရေးအရာရှိများ၏ စစ်ဆေးမှုကိုခံယူခြင်း။

## အခန်း(၅)
## ဓာတ်သတ္တုထုတ်လုပ်ရန် မြေနှင့်ရေသုံးစွဲခွင့်

၁၁။ (က) ပြည်ထောင်စုဝန်ကြီးဌာနက စီမံခန့်ခွဲခွင့်ရှိသည့် ဓာတ်သတ္တုကန့်သတ်နယ်မြေအတွင်း ကျရောက်ခြင်းမရှိသော နယ်မြေတွင် ဓာတ်သတ္တုထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသူသည် သက်ဆိုင်ရာမြေကို စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းပိုင်ခွင့်ရှိသော ပုဂ္ဂိုလ် သို့မဟုတ်

အဖွဲ့အစည်းနှင့် သဘောတူညီမှုရရှိပြီးမှသာ ခာတ်သတ္တုထုတ်လုပ်ခြင်းကို လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည်။

(ခ) ခာတ်သတ္တုထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသူသည် ခာတ်သတ္တုထုတ်လုပ်ခြင်း လုပ်ငန်းအတွက် အများပြည်သူဆိုင်ရာရေကို ရယူသုံးစွဲရန်လိုအပ်ပါက ဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ ဦးစွာတင်ပြရမည်။

၁၂။ ဦးစီးဌာနသည် ပုဒ်မ ၁၁ (ခ) အရ တင်ပြချက်ကို စိစစ်၍ ခာတ်သတ္တုထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသူသည် အများပြည်သူဆိုင်ရာ ရေကိုရယူသုံးစွဲရန် အမှန်တကယ်လိုအပ်နေကြောင်း တွေ့ရှိရပါက တည်ဆဲဥပဒေနှင့်အညီ ရေသုံးစွဲခွင့်ရရှိရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းနှင့် ညှိနှိုင်းဆောင်ရွက်ပေးရမည်။

## အခန်း(၆)

## ခာတ်သတ္တုခွန်

၁၃။ ခာတ်သတ္တုထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသူသည် ထုတ်လုပ်ရရှိသော ခာတ်သတ္တုများ ရောင်းချသည့်အခါ ခာတ်သတ္တုတန်ဖိုးအပေါ် အောက်ပါနှုန်းထားများအရ ခာတ်သတ္တုခွန်ပေးဆောင်ရမည်-

(က) ရွှေအဖိုးတန်သတ္တုအတွက် (၅)ရာခိုင်နှုန်း၊

(ခ) ငွေ၊ ခဲမဖြူ၊ အဖြိုက်နက်သတ္တုများအတွက် (၄)ရာခိုင်နှုန်း၊

(ဂ) ခဲ၊ ခနောက်စိမ်း နှင့် ခရိုမီယမ် သတ္တုများအတွက် (၃)ရာခိုင်နှုန်း၊

(ဃ) စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်အတွက် (၂)ရာခိုင်နှုန်း။

၁၄။ ပုဒ်မ ၁၃ အရ ခာတ်သတ္တုခွန်ပေးဆောင်ခြင်းကို အပြည်ပြည်ဆိုင်ရာ သတ္တုဈေးနှုန်းအရ သတ္တုစင်ပါဝင်မှု ရာခိုင်နှုန်းအပေါ်တွင် တွက်ချက်၍ ဦးစီးဌာနမှတစ်ဆင့် ပြည်နယ်အစိုးရအဖွဲ့ဘဏ္ဍာရန်ပုံငွေသို့ ဤဥပဒေ၊ မြန်မာ့သတ္တုတွင်းဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေများ၊ အခါအားလျော်စွာထုတ်ပြန်သည့် အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ပေးဆောင်ရမည်။

## အခန်း(၇)

## စစ်ဆေးရေးအရာရှိ၏ လုပ်ငန်းတာဝန်များ

၁၅။ စစ်ဆေးရေးအရာရှိချုပ်က စာဖြင့်သီးခြားတာဝန်ပေးအပ်ထားသော အရာရှိတစ်ဦးဦး သို့မဟုတ် တာဝန်ပေးအပ်သည့် စစ်ဆေးရေးအရာရှိသည် ဤဥပဒေအလို့ငှာ စစ်ဆေးရေးအရာရှိဖြစ်သည်။

၁၆။ စစ်ဆေးရေးအရာရှိ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဤဥပဒေ၊ မြန်မာ့သတ္တုတွင်းဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေများ၊ အခါအားလျော်စွာထုတ်ပြန်သည့် အမိန့်၊ ညွှန်ကြားချက်များကိုလည်းကောင်း၊ ခွင့်ပြုမိန့်ပါ

စည်းကမ်းချက်များကိုလည်းကောင်း၊ နှစ်ဦးသဘောတူစာချုပ်ပါ စည်းကမ်းချက်များကိုလည်းကောင်း ခွင့်ပြုမိန့်ရရှိသူများက လိုက်နာခြင်း ရှိ မရှိ စစ်ဆေးခြင်း၊

(ခ) သတ္တုတွင်း၌ လုပ်ကိုင်လျက်ရှိသော ဝန်ထမ်းများ၊ အလုပ်သမားများ၏ ကျန်းမာသန့်ရှင်းရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ မတော်တဆဖြစ်ပွားမှုမှ ကာကွယ်ရေး၊ သက်သာချောင်ချိရေး၊ စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များကို ကြည့်ရှုစစ်ဆေးခြင်း၊

(ဂ) သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်းနှင့် ကျောက်တို့ကိုထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း လုပ်ငန်းများတွင် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်သည့်စနစ်နှင့် လူမှုရေးအရ ထိခိုက်မှုဆန်းစစ်သည့်စနစ်များကို ကြည့်ရှုစစ်ဆေးခြင်း၊

(ဃ) မိမိလုပ်ပိုင်ခွင့်များကို အခြားသင့်လျော်သည့် စစ်ဆေးရေးအရာရှိများအား လွှဲအပ်၍ ဆောင်ရွက်စေနိုင်ခြင်း၊

(င) ဝန်ကြီးဌာနမှ အခါအားလျော်စွာ ပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း(၈)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၁၇။ ခွင့်ပြုမိန့်ရရှိသူကဖြစ်စေ၊ ၎င်း၏ကိုယ်စားစီမံအုပ်ချုပ်သူ သို့မဟုတ် အလုပ်သမားတစ်ဦးဦးကဖြစ်စေ ဤဥပဒေ၊ မြန်မာ့သတ္တုတွင်းဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေများ၊ အခါအားလျော်စွာထုတ်ပြန်သည့် အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းတစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်လျှင်သော်လည်းကောင်း၊ ခွင့်ပြုမိန့်ပါ စည်းကမ်းတစ်ရပ်ရပ်ကိုဖောက်ဖျက်လျှင်သော်လည်းကောင်း၊ ခွင့်ပြုမိန့်ထုတ်ပေးရေးအဖွဲ့သည် အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) ခွင့်ပြုမိန့်အရ လုပ်ကိုင်ဆောင်ရွက်နေသော လုပ်ငန်းအားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို ဆိုင်းငံ့ထားစေခြင်း၊

(ခ) အာမခံငွေပမာဏအောက်မနည်းသော ဒဏ်ကြေးငွေပေးဆောင်စေပြီး လုပ်ငန်းဆက်လက်လုပ်ကိုင်ခွင့်ပြုခြင်း၊

(ဂ) ခွင့်ပြုမိန့်ကို ပယ်ဖျက်ခြင်း၊

(ဃ) ခွင့်ပြုမိန့်ကို ပယ်ဖျက်၍ အာမခံငွေနှင့် ကြိုတင်ငွေများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း၊ လိုအပ်သည်ဟု ယူဆလျှင် အာမခံငွေပမာဏအောက်မနည်းသော ဒဏ်ကြေးငွေကို ပေးဆောင်စေခြင်း။

## အခန်း(၉)
## တားမြစ်ချက်ထုတ်ပြန်ခြင်း

၁၈။ ဝန်ကြီးဌာနသည် ခာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်းမှ ထွက်ရှိသည့် ခာတ်သတ္တုများကို ဝယ်ယူခြင်း၊ ရယူခြင်း၊ သိုလှောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ရောင်းချခြင်း၊ လွှဲပြောင်းပေးခြင်းတို့နှင့်စပ်လျဉ်း၍ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တားမြစ်ချက်များထုတ်ပြန်နိုင်သည်။

## အခန်း(၁၀)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၁၉။ (က) မည်သူမဆို ဤဥပဒေအရ ထုတ်ပေးသည့် ခွင့်ပြုမိန့်မရရှိဘဲ အောက်ပါလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၁၀ နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၅၀ အထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -

(၁) သတ္တုရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ဆင့်တက်ပြုပြင်ခြင်း၊

(၂) စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်းရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ဆင့်တက်ပြုပြင်ခြင်း၊

(၃) ကျောက်ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ဆင့်တက်ပြုပြင်ခြင်း၊

(၄) ရောင်းချခြင်းနှင့် ဝယ်ယူခြင်းလုပ်ငန်းခွင့်ပြုမိန့် ရယူခြင်းမရှိဘဲ ခာတ်သတ္တုဆင့်တက်ပြုပြင်ခြင်းလုပ်ငန်း လုပ်ကိုင်ခြင်း၊

(၅) ခွင့်ပြုမိန့်ဖြင့် လက်လုပ်လက်စားထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်သူမှအပ ခာတ်သတ္တုထုတ်လုပ်ခြင်း။

(ခ) မည်သူမဆို လက်လုပ်လက်စားထုတ်လုပ်ခြင်းအတွက် ဤဥပဒေအရ ထုတ်ပေးသည့် ခွင့်ပြုမိန့်မရရှိဘဲ ခာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်လမှ အများဆုံး သုံးလအထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းအထိ ငွေဒဏ်ဖြစ်စေ ချမှတ်ရမည်။

၂၀။ မည်သူမဆို ပုဒ်မ ၁၉(က)ပါပြစ်မှုတစ်ခုခုကို ထပ်မံကျူးလွန်ပါက ၁၀ နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ် ၁၀ သိန်းမှ အများဆုံး ကျပ် သိန်း ၅၀ အထိ ငွေဒဏ် ချမှတ်ရမည်။

၂၁။ ခွင့်ပြုမိန့်ရရှိသူသည် ပုဒ်မ ၁၇ နှင့် စပ်လျဉ်းသည့် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၁၀ သိန်းအထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၂။ ခွင့်ပြုမိန့်ရရှိသူ မည်သူမဆို ပုဒ်မ ၁၇ နှင့် စပ်လျဉ်းသည့် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်မှု ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်နှစ်သိန်းမှ အများဆုံး ကျပ် ၁၀ သိန်းအထိ ငွေဒဏ်ချမှတ်နိုင်သည်။

၂၃။ မည်သူမဆို ပုဒ်မ ၁၈ အရ ထုတ်ပြန်သော တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်အထိထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၂၀ အထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၄။ မည်သူမဆို ပုဒ်မ ၁၈ အရ တားမြစ်ချက်တစ်ရပ်ရပ်ကို ထပ်မံဖောက်ဖျက်ကျူးလွန်ပါက အများဆုံးသုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံး ကျပ်သိန်း ၂၀ အထိ ငွေဒဏ်ချမှတ်နိုင်သည်။

၂၅။ တရားရုံးသည် ပုဒ်မ ၁၉ ၊ ၂၀ ၊ ၂၃ ၊ ၂၄ အရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ပြစ်မှုထင်ရှားတွေ့ရှိလျှင် သက်ဆိုင်ရာပြစ်မှုအတွက် ချမှတ်ရမည့် ပြစ်ဒဏ်အပြင် –

(က) ပြစ်မှုနှင့် သက်ဆိုင်သော ဓာတ်သတ္တုကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်ရမည်။

(ခ) ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် ယာဉ်၊ တိရစ္ဆာန်နှင့် အခြားစက်ပစ္စည်းကိရိယာ တန်ဆာပလာများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်နိုင်သည်။

## အခန်း(၁၁)

## အထွေထွေ

၂၆။ ဓာတ်သတ္တုထုတ်လုပ်ခြင်းနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနသည်ခွင့်ပြုမိန့်ရရှိသော လုပ်ငန်းရှင်နှင့် ဖက်စပ် သို့မဟုတ် အကျိုးတူလုပ်ငန်းလုပ်ကိုင်ခြင်းအတွက် ထုတ်လုပ်မှုအပေါ်တွင် ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ ကုန်ကျစရိတ်များအပါအဝင် ရာခိုင်နှုန်းဖြင့် ခွဲဝေခံစားသည့်စနစ် သို့မဟုတ် အကျိုးအမြတ်အပေါ် ခွဲဝေခံစားသည့်စနစ် သို့မဟုတ် နှစ်ဦးနှစ်ဖက် ထည့်ဝင်မှုအပေါ် အခြေခံသည့် အမြတ်ခွဲဝေမှုစနစ်ဖြင့် လုပ်ကိုင်ရမည်။

၂၇။ ဤဥပဒေအရ ရရန်ရှိသောငွေများကို အခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံရမည်။ ဤကိစ္စအလို့ငှာ သက်ဆိုင်ရာဝန်ကြီးဌာနက တာဝန်ပေးအပ်သောအရာရှိသည် တည်ဆဲဥပဒေများအရ ကော်လိတ်တော်အရာရှိ၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခွင့်ရှိစေရမည်။

၂၈။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်းသည့် သက်သေခံပစ္စည်းသည် တရားရုံးရှေ့သို့ တင်ပို့ရန်မလွယ်ကူသော ပစ္စည်းဖြစ်ပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန်မလိုဘဲ မည်ကဲ့သို့ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာအခြားစာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်း တင်ပြဘိသကဲ့သို့ မှတ်ယူကာ သက်ဆိုင်ရာတရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်း ပြုနိုင်သည်။

၂၉။ ဦးစီးဌာနသည် သတ္တုသယံဇာတများ ရေရှည်တည်တံ့နိုင်ရန်အလို့ငှာ ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ကြပ်မတ်ခြင်း၊ တားဆီးခြင်း၊ အရေးယူဆောင်ရွက်ခြင်းများ ပြုလုပ်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာ အုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့အစည်း၊ သက်ဆိုင်ရာမြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ညှိနှိုင်းပြီး အကူအညီရယူနိုင်သည်။

၃၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် –

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို မြန်မာ့သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများပါပြဋ္ဌာန်းချက်များနှင့်အညီ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်နှင့်ညွှန်ကြားချက်များ လုပ်ထုံးလုပ်နည်းများကို မြန်မာ့သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများပါပြဋ္ဌာန်းချက်များနှင့်အညီ ထုတ်ပြန်နိုင်သည်။

(ဂ) ဦးစီးဌာနသည် လိုအပ်သောဒေသန္တရအမိန့်နှင့် ညွှန်ကြားချက်များကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) နန်းခင်ထွေးမြင့်
ဝန်ကြီးချုပ်
ကရင်ပြည်နယ်အစိုးရအဖွဲ့